# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ချင်းပြည်နယ်အစိုးရအဖွဲ့

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏
## ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏**

**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

**( ၂၀၁၈ ခုနှစ် ၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ ။ )**

၁၃၈၀ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ ၂၆ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ လ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့် ကာလအတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## ပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ် ၊ ပြည်နယ်ဝန်ကြီးဌာနများ ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ် ၊ ပြည်နယ်စာရင်းစစ်ချုပ် ၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူ သုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် ၊ ပြည်နယ်ဥပဒေချုပ် ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား ( ၁ )၊ ( ၂ )၊ ( ၃ ) နှင့် ( ၄ ) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ ( က ) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်လွှတ်တော် ၊ ပြည်နယ်တရားလွှတ်တော် ၊ ပြည်နယ်ဥပဒေချုပ် ၊ ပြည်နယ်စာရင်းစစ်ချုပ် ၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေ၏ ဇယား ( ၁ ) နှင့် ( ၃ ) တို့တွင် လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ၊ ရသော ရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်း ဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေ စာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရ မည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်လွှတ်တော် ၊ ပြည်နယ်တရားလွှတ်တော် ၊ ပြည်နယ်ဥပဒေချုပ် ၊ ပြည်နယ်စာရင်းစစ်ချုပ် ၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေ၏ ဇယား(၂) နှင့်(၄) တို့တွင် ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍

ပြည်နယ် လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုး အကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရ မည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက် ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများ တွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် အဖွဲ့အစည်းများ ၊ ဦးစီးဌာနများ၊စည်ပင်သာယာရေးအဖွဲ့များ၊လုပ်ငန်းလုပ်ကိုင် ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ် ဖြင့်ဆောင်ရွက်သော ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်း တစ်ခုခု၏ လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ပအကူ အညီများ ရရှိလာပါက ပြည်ထောင်စုစီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း စီမံဆောင်ရွက်ရမည်။

၅။ ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများ သည် မိမိတို့ နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန် အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း ၍ ထုတ်ပေး ရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၇။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေ အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်ကြော်ငြာစာများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရမည်။

၈။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဇယား (၆) တွင် ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထို့သို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ခ) ပြည်နယ် အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း ၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း၊ လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စု အစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဆလိုင်းလျန်လွှယ်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၅၅၇၁.၆၀၂ | | | ၉၀၀.၀၀၀ | | | | ၆၄၇၁.၆၀၂ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၃၃၀ | | | | | | | ၀.၃၃၀ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၉၀.၇၀၀ | | | | | | | ၉၀.၇၀၀ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၁၀၀ | | | | | | | ၀.၁၀၀ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၀၈၀ | | | | | | | ၀.၀၈၀ |
| | ပေါင်း | | | | ၅၆၆၂.၈၁၂ | | | ၉၀၀.၀၀၀ | | | | ၆၅၆၂.၈၁၂ |

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၀၇.၀၁၂ | | ၉၀၀.၀၀၀ | ၁၇၄၄၄.၁၉၇ | | | | ၁၉၂၅၁.၂၀၉ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၈၂.၉၃၇ | | | ၃၇၃၆.၁၃၂ | | | | ၄၃၁၉.၀၆၉ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၇.၈၀၀ | | | | | | | ၅၇.၈၀၀ |
| | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၃၅၄.၉၆၄ | | | ၅၀.၀၀၀ | | | | ၄၀၄.၉၆၄ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၇၈၁.၁၈၉ | | | ၁၀၃.၁၀၀ | | | | ၈၈၄.၂၈၉ |
| | ပေါင်း | | ၂၆၈၃.၉၀၂ | | ၉၀၀.၀၀၀ | ၂၁၃၃၃.၄၂၉ | | | | ၂၄၉၁၇.၃၃၁ |

**ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ | | အဖွဲ့အစည်းများ တွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူ ရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူ ပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၈.၅၀၅ | | | | | | | | | ၆၈.၅၀၅ |
| | ၁ | ယစ်မျိုးခွန် | | ၆၈.၅၀၅ | | | | | | | | | ၆၈.၅၀၅ |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့် အပေါ်ကောက်ခံသည့်အခွန်အကောက်** | ၄င်း | ၁၇၇.၈၉၉ | | | | | | | | | ၁၇၇.၈၉၉ |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၅.၉၇၈ | | | | | | | | | ၅.၉၇၈ |
| | ၂ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၁၅.၁၈၁ | | | | | | | | | ၁၅.၁၈၁ |
| | ၃ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၁၅၆.၆၂၀ | | | | | | | | | ၁၅၆.၆၂၀ |
| | ၄ | အင်းအိုင်ခွန် | | ၀.၁၂၀ | | | | | | | | | ၀.၁၂၀ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၄င်း | ၁၇၈.၁၈၃ | | | | | | | | | ၁၇၈.၁၈၃ |
| | ၁ | ပစ္စည်းခွန် | | ၁၆၇.၉၅၈ | | | | | | | | | ၁၆၇.၉၅၈ |
| | ၂ | ဘီးခွန် | | ၁၀.၂၂၅ | | | | | | | | | ၁၀.၂၂၅ |

# ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)။ ။ အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူ ရငွေ | အဖွဲ့အစည်းများ တွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၄ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၄.၆၉၅ | | | | | | | ၄.၆၉၅ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၄.၅၅၅ | | | | | | | ၄.၅၅၅ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၄၀ | | | | | | | ၀.၀၄၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၀.၁၀၀ | | | | | | | ၀.၁၀၀ |
| ၅ | | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း** | ၎င်း | | | ၁၃.၅၄၄ | | | | | | | ၁၃.၅၄၄ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁.၄၀၀ | | | | | | | ၁.၄၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၀.၅၀၀ | | | | | | | ၀.၅၀၀ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၈.၉၀၀ | | | | | | | ၈.၉၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၁.၅၁၇ | | | | | | | ၁.၅၁၇ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁.၂၂၇ | | | | | | | ၁.၂၂၇ |
| ၆ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး** | ၎င်း | | | ၀.၃၇၅ | | | | | | | ၀.၃၇၅ |
| | ၁ | သစ်တောဦးစီးဌာန | | | | ၀.၃၁၅ | | | | | | | ၀.၃၁၅ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀.၀၆၀ | | | | | | | ၀.၀၆၀ |
| ၇ | | **ကျန်းမာရေးနှင့်အားကစား** | ၎င်း | | | ၇.၄၂၂ | | | | | | | ၇.၄၂၂ |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၇.၄၂၂ | | | | | | | ၇.၄၂၂ |
| ၈ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | ၎င်း | | | ၁၈.၇၁၉ | | | ၁၃၇၀၅၉.၄၂၆ | | | | ၁၃၇၀၇၈.၁၄၅ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၁၅၀ | | | | | | | ၀.၁၅၀ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | - | | | | | | | |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၁၈.၅၆၉ | | | ၁၃၇၀၅၉.၄၂၆ | | | | ၁၃၇၀၇၇.၉၉၅ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | - | | | | | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | | | ၂၇.၂၆၉ | | | | | | | ၂၇.၂၆၉ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂၁.၂၆၉ | | | | | | | ၂၁.၂၆၉ |
| | ၂ | လမ်းဦးစီးဌာန | | | | ၆.၀၀၀ | | | | | | | ၆.၀၀၀ |
| ၁၀ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၇၇၁.၅၇၂ | | | | | | | ၇၇၁.၅၇၂ |
| | | ပေါင်း | | ၄၂၄.၅၈၇ | | ၈၄၃.၅၉၆ | | | ၁၃၇၀၅၉.၄၂၆ | | | | ၁၃၈၃၂၇.၆၀၉ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၇၁၂၉.၉၀၁ | | ၂၀.၀၀၀ | ၄၆၅၆.၂၉၆ | | | | ၁၁၈၀၆.၁၉၇ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က | ၅၁၈၅.၉၇၄ | | ၂၀.၀၀၀ | ၃၅၆၀.၇၀၀ | | | | ၈၇၆၆.၆၇၄ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တာဝန်ပေးသူ | ၃၃၆.၈၉၆ | | | ၇၂.၇၈၈ | | | | ၄၀၉.၆၈၄ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၁၆၀၇.၀၃၁ | | | ၁၀၂၂.၈၀၈ | | | | ၂၆၂၉.၈၃၉ |
| ၂ | | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း** | ၎င်း | ၃၁၉၈.၅၃၂ | | | ၉၄၉.၂၀၇ | | | | ၄၁၄၇.၇၃၉ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၈၉၈.၄၂၃ | | | ၄၄၇.၇၅၆ | | | | ၂၃၄၆.၁၇၉ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၇၆.၇၃၂ | | | ၂၉.၀၀၀ | | | | ၂၀၅.၇၃၂ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၃၁၈.၂၆၈ | | | ၉၆.၅၀၀ | | | | ၄၁၄.၇၆၈ |
| | ၄ | သမဝါယမဦးစီးဌာန | | ၆၃၇.၄၄၄ | | | ၇၉.၀၀၀ | | | | ၇၁၆.၄၄၄ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၆၇.၆၆၅ | | | ၂၉၆.၉၅၁ | | | | ၄၆၄.၆၁၆ |
| ၃ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | ၁၂၄၃.၈၈၃ | | | ၂၉၉.၁၉၅ | | | | ၁၅၄၃.၀၇၈ |
| | ၁ | သစ်တောဦးစီးဌာန | | ၁၁၄၁.၇၈၁ | | | ၉၉.၈၃၂ | | | | ၁၂၄၁.၆၁၃ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၀၂.၁၀၂ | | | ၁၉၉.၃၆၃ | | | | ၃၀၁.၄၆၅ |
| ၄ | | **ကျန်းမာရေးနှင့်အားကစား** | ၎င်း | ၅၂၇.၀၉၃ | | | ၃၆၇.၆၀၀ | | | | ၈၉၄.၆၉၃ |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၅၂၇.၀၉၃ | | | ၃၆၇.၆၀၀ | | | | ၈၉၄.၆၉၃ |
| ၅ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | ၎င်း | ၇၂၀.၇၆၉ | | | ၈၇၂.၃၂၅ | | | | ၁၅၉၃.၀၉၄ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၆၀.၄၅၁ | | | ၂၃၄.၇၁၀ | | | | ၆၉၅.၁၆၁ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၇၆.၈၇၂ | | | ၁၅၄.၈၀၀ | | | | ၂၃၁.၆၇၂ |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၇၃.၂၅၂ | | | ၄၁၄.၈၁၅ | | | | ၄၈၈.၀၆၇ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၁၀.၁၉၄ | | | ၆၈.၀၀၀ | | | | ၁၇၈.၁၉၄ |
| ၆ | | **ဆောက်လုပ်ရေး** | ၎င်း | ၁၆၀၆၄.၆၁၉ | | | ၆၇၀၄၉.၆၇၆ | | | | ၈၃၁၁၄.၂၉၅ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၃၇.၇၈၅ | | | ၁၀၆၁.၅၂၈ | | | | ၁၂၉၉.၃၁၃ |
| | ၂ | လမ်းဦးစီးဌာန | | ၁၅၈၂၆.၈၃၄ | | | ၆၅၉၈၈.၁၄၈ | | | | ၈၁၈၁၄.၉၈၂ |
| ၇ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | ၁၃၄၂.၇၇၅ | | | ၆၉၄၇.၄၀၀ | | | | ၈၂၉၀.၁၇၅ |
| | | ပေါင်း | | ၃၀၂၂၇.၅၇၂ | | ၂၀.၀၀၀ | ၈၁၁၄၁.၆၉၉ | | | | ၁၁၁၃၈၉.၂၇၁ |

# ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **လျှပ်စစ်နှင့်စွမ်းအင်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | ၆.၀၀၀ | | | | | | | ၆.၀၀၀ |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၆.၀၀၀ | | | | | | | ၆.၀၀၀ |
| | | ပေါင်း | | | | ၆.၀၀၀ | | | | | | | ၆.၀၀၀ |

# ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | **လျှပ်စစ်နှင့်စွမ်းအင်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၅၈.၇၈၀ | | | ၈၄၂၁.၀၃၉ | | | | ၈၅၇၉.၈၁၉ |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၅၈.၇၈၀ | | | ၈၄၂၁.၀၃၉ | | | | ၈၅၇၉.၈၁၉ |
| | | ပေါင်း | | ၁၅၈.၇၈၀ | | | ၈၄၂၁.၀၃၉ | | | | ၈၅၇၉.၈၁၉ |